**နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ**

## အပိုင်း ၁၊ အခန်း ၁ - နိုင်ငံတကာ လုပ်ထုံးလုပ်နည်း အလေ့အထကို ကျင့်သုံးခြင်း

### သင်ခန်းစာရည်ရွယ်ချက်များ

သင်တန်းချိန် အပြီးတွင် သင်တန်း တက်ရောက်သူများသည် ဖော်ပြပါ အချက်များအား ဆောင်ရွက်နိုင်သည့် အခြေအနေတွင် ရှိသင့်ပါသည်။

- နိုင်ငံတကာ လုပ်ထုံးလုပ်နည်း အလေ့အထ International Protocol မှာ အဘယ်နည်းနှင့် ၎င်းတို့အား အသုံးပြုပုံကို ရှင်းပြရန်။
- လုပ်ထုံးလုပ်နည်း အလေ့အထ Protocol ၏ ရည်ရွယ်ချက်နှင့် အရေးပါပုံကို လက်တွေ့ကျသော နည်းနာ တစ်ရပ် အဖြစ် အသိအမှတ်ပြုရန်။
- သင်ခန်းစာ အခန်းအားလုံးတွင် အသုံးချမည့်အသုံးအနှုန်းများနှင့် သဘောတရားများအား ဖွင့်ဆိုနိုင်ရန်။

| | | |
|---|---|---|
| ပို့ချမှုအတွက် အကြံပြုထားသော ကြာချိန် | - | ၁၅ မိနစ်မှ ၄၅ မိနစ် အကြား |
| လေ့ကျင့်ခန်း | - | မရှိ |
| နိုင်ငံတကာ လုပ်ထုံးလုပ်နည်းနှင့် ဆက်စပ်သော အပိုင်းများ- | | စာမျက်နှာ ၁၀ မှ ၁၅ |

ဤအခန်းကို (လုပ်ထုံးလုပ်နည်း အလေ့အထ Protocol ဟုလည်း ခေါ်သည့်) နိုင်ငံတကာ လုပ်ထုံးလုပ်နည်း အလေ့အထ International Protocol အား အခြေခံသည့် မည်သည့် သင်တန်းတွင် မဆို ပထမဆုံး ပို့ချသည့် သင်ခန်းစာ ဖြစ်သင့်ပါသည်။ ဤအကြောင်းအရာနှင့် အခြား အခန်းများအား သင်တန်း ပို့ချသူသည် ဤလက်စွဲ materials ၏ စာမျက်နှာ ၂ ရှိ သုံးစွဲသူများ အတွက် မှတ်စုများ Notes for Users ကဏ္ဍကို ဖတ်ရှုသင့်သည်။ ဤအခန်းသည် အချို့သော အဓိက အခြေခံ သဘောတရားများကို ပြဌာန်းထားပြီး လုပ်ထုံးလုပ်နည်း

အလေ့အထ Protocol အား လက်တွေ့ကျသော နည်းနာ တစ်ရပ် အဖြစ် အသုံးပြုပုံနှင့် ပို့ချမည့် အခန်း အားလုံးတွင် အသုံးပြုမည့် ဝေါဟာရ အသုံးအနှုန်းများ အကြောင်း ရှင်းလင်းဖော်ပြထားပါသည်။ သင်တန်း တက်ရောက်သူများသည် လုပ်ထုံးလုပ်နည်း အလေ့အထ Protocol အား ဖတ်ရှုခြင်း သို့မဟုတ် လက်တွေ့ ဆောင်ရွက်ဖူးခြင်း ရှိမရှိကို သင်တန်း မစတင်မီ ၎င်းတို့အား မေးမြန်းသင့်ပါသည်။ ဖတ်ပြီးသားသူများသည် ၎င်းတို့၏ အတွေ့အကြုံကို ပြန်လည် မျှဝေနိုင်ပြီး မဖတ်ရသေးသူများသည် လုပ်ထုံးလုပ်နည်း အလေ့အထ Protocol အား ၎င်းတို့ အလုပ်တွင် မည်သို့ အသုံးပြုနိုင်မည်ကို စဉ်းစားကြဖို့ တိုက်တွန်းသင့်ပါသည်။ သင်တန်း ပို့ချသူများ အကြား ဆွေးနွေးမှုများ မည်မျှပင် သေးငယ်ပါစေ အချင်းချင်း အသိအမှတ်ပြုကြရန် သင်တန်း ပို့ချသူများက အားပေးသင့်ပါသည်။

လုပ်ထုံးလုပ်နည်း အလေ့အထ Protocol သည် လိင်အကြမ်းဖက်မှုအား စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ် အပေါ် ကျူးလွန်သော ရာဇဝတ်မှု၊ လူမျိုးတုံး သတ်ဖြတ်မှု သို့မဟုတ် နိုင်ငံတကာ ရာဇဝတ်မှု၊ လူ့အခွင့်အရေး သို့မဟုတ် လူသားချင်း စာနာမှု ဆိုင်ရာ ဥပဒေများအား ကြီးလေးစွာ ချိုးဖောက်မှု (၎င်းအား ပဋိပက္ခနှင့် ရက်စက်ကြမ်းကြုတ်မှု ဆက်စပ်သော လိင်အကြမ်းဖက်မှု Conflict and Atrocity-Related Sexual Violence – CARSV အဖြစ်လည်း ရည်ညွှန်းသည်၊) အဖြစ် သုတေသန ပြုသူ၊ စုံစမ်းစစ်ဆေးသူ သို့မဟုတ် မှတ်တမ်း ပြုစုသူများ အတွက် အထောက်အကူပြုမည့် လက်တွေ့ကျသော လမ်းညွှန် တစ်ရပ် အဖြစ် ရည်ရွယ်ကြောင်း၊ တင်းကျပ်သော စည်းမျဉ်းစာအုပ် အဖြစ် အသုံးချခြင်း သို့မဟုတ် ၎င်းအရေးကိစ္စများအား လုပ်ဆောင်ရန် အတွက် တစ်ခုတည်းသော နည်းလမ်း တစ်ခု အဖြစ် ရှုမြင်ခြင်း မပြုသင့်ကြောင်း သင်တန်း ပို့ချသူများက အလေးပေး ပြောကြားသင့်ပါသည်။ လုပ်ထုံးလုပ်နည်း အလေ့အထ Protocol သည် ရာဇဝတ်မှု သို့မဟုတ် နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှု အဖြစ် လိင်အကြမ်းဖက်မှုအား မှတ်တမ်းပြုစုရာ၌ အကောင်းဆုံး လုပ်ထုံးလုပ်နည်း အဖြစ် သတ်မှတ်ပေးပြီး မြေပြင် သုတေသနပြုမှု၊ စုံစမ်းစစ်ဆေးမှု သို့မဟုတ် မှတ်တမ်းပြုစုမှု ဆိုင်ရာ စီမံကိန်း အသီးသီး၏ သီးခြား အခင်းအကျင်းနှင့် အံဝင်ခွင်ကျ ဖြစ်စေရန် ပြင်ဆင် အသုံးပြုရပါလိမ့်မည်။ သင်တန်း တက်ရောက်သူများသည် ၎င်းတို့ သို့မဟုတ် ၎င်းတို့၏ အဖွဲ့အစည်းတွင်

ဤသို့သော အလုပ်မျိုးကို သတိကြီးစွာနှင့် တာဝန်သိစွာ လုပ်ဆောင်ရန် လိုအပ်သော လုပ်ပိုင်ခွင့်၊ အရည်အချင်းနှင့် လေ့ကျင့်မှုများ ရှိမရှိကို အသေအချာ စဉ်းစားရန် တိုက်တွန်းသင့်သည်။ သို့ရာတွင် CARSV အား စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် မှတ်တမ်းပြုစုခြင်းတွင် တိုက်ရိုက် ပါဝင်ပတ်သက်ခြင်း မရှိသူများသည်ပင် လုပ်ထုံးလုပ်နည်း အလေ့အထ Protocol အား နိုင်ငံတကာ အကောင်းအဆုံး လုပ်ထုံးလုပ်နည်းများ၏ ခြုံငုံသုံးသပ်မှု အဖြစ် ရှုမြင်ခြင်းနှင့် ၎င်းတို့၏ ဒေသ အခြေအနေ အရ ထိုကဲ့သို့သော လုပ်ငန်းစဉ်များအား ဆောင်ရွက်ပုံကို ပိုမို နားလည်နိုင်ရန်နှင့် ခွဲခြမ်းစိတ်ဖြာနိုင်ရန် စံနှုန်း တစ်ရပ် အဖြစ် အသုံးပြုခြင်းအားဖြင့် ၎င်းထံမှ လေ့လာ သင်ယူနိုင်ပါသည်။

လုပ်ထုံးလုပ်နည်း အလေ့အထ Protocol ဟူသည်မှာ နေရာ အရပ်ရပ်တွင် ကျင့်သုံးနိုင်သည့် ဥပဒေရေးရာ သို့မဟုတ် လုပ်ငန်းကျွမ်းကျင်မှု ဆိုင်ရာ စံနှုန်း အဖြစ် သတ်မှတ်ရန် သို့မဟုတ် အတွေ့အကြုံရှိ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးသူများ၏ ကျင့်ဝတ်နှင့် ဥပဒေ ကျင့်ထုံးများကို စိန်ခေါ်ရန် ရည်ရွယ်ခြင်း မရှိကြောင်း သင်တန်း တက်ရောက်သူများအား အလေးပေး ပြောကြားသင့်ပါသည်။ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာ အဆင့် ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးသူများတွင် မတူညီသော လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေ သတ်မှတ်ချက်များ (ဥပဒေရေးရာ စနစ်များကြားတွင်လည်း ကွဲပြားမှု ရှိသည်၊) ကွဲပြားမှု ရှိသော်လည်း လုပ်ထုံးလုပ်နည်း အလေ့အထ Protocol တွင် ဖော်ပြထားသော အခြေခံ နီတိရေးရာနှင့် လက်တွေ့ကျသော အခြေခံမှု အချို့မှာ ၎င်းတို့၏ လုပ်ငန်းနယ်ပယ်တွင် အသုံးဝင်နေဆဲ ဖြစ်ပါသည်။ လုပ်ထုံးလုပ်နည်း အလေ့အထ Protocol ၏ ရည်ရွယ်ချက်မှာ တာဝန်ခံမှု ဆိုင်ရာ ရည်ရွယ်ချက်များ အတွက် လိင်အကြမ်းဖက်မှုကို ရာဇဝတ်မှု တစ်ရပ် သို့မဟုတ် နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှု အဖြစ် အချက်အလက် စုဆောင်းသူတိုင်း အထူးသဖြင့် လိင်နှင့် ကျား၊မ gender အခြေပြု အကြမ်းဖက် လုပ်ရပ်များအား မှတ်တမ်း တင်ရန် လိုအပ်ချက် ရှိပြီး လေ့ကျင့် သင်ကြားမှု မရသေးသူများ သို့မဟုတ် ထိုသို့ ဆောင်ရွက်ရန် လုပ်ငန်း ကျွမ်းကျင်မှု အခြေခံ မရှိသေးသူများ အတွက် လက်တွေ့ကျသော အခြေခံ လမ်းညွှန်မှု ပေးနိုင်ရန် ဖြစ်ပါသည်။ လုပ်ထုံးလုပ်နည်း အလေ့အထ Protocol အား တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီ

အသုံးပြုနိုင်ရန်နှင့် ယေဘူယျ အသုံးဝင် စေရန် ရည်ရွယ်သော်လည်း မြေပြင်တွင် လက်တွေ့ ကျင့်သုံးသူများ အနေဖြင့် ၎င်းတို့၏ အခြေအနေ လိုအပ်ချက် အပြင် လုပ်ပိုင်ခွင့်နှင့် အညီ ပြောင်းလဲကျင့်သုံးရပါမည်။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အခြားသော နိုင်ငံတကာ ရာဇဝတ်မှုများနှင့် ချိုးဖောက်မှုများ ဆိုင်ရာ သတင်း အချက်အလက်များကို သမားရိုးကျ ရဲတပ်ဖွဲ့ သို့မဟုတ် တရားရေး ဆိုင်ရာ စုံစမ်း စစ်ဆေးရေး အာဏာပိုင် အဖွဲ့အစည်းများ မဟုတ်သော ပြည်တွင်း၊ ပြည်ပ အစုအဖွဲ့များနှင့် လူပုဂ္ဂိုလ်များက ပိုမို စုဆောင်းလာပါသည်။ ၎င်းတွင် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ (အန်ဂျီအိုများ)၊ ကျူးလွန်ခံရသူများ အတွက် အရေးဆိုပေးသော Advocacy အုပ်စုများနှင့် အခြား အရပ်ဘက် လူမှုအဖွဲ့ဝင်များ၊ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာသူများ၊ မီဒီယာသမားများနှင့် စုံစမ်း စစ်ဆေးရေး သတင်းထောက်များ အပြင် လူသားချင်း စာနာထောက်ထားမှု၊ ဖွံ့ဖြိုးရေး သို့မဟုတ် မြေပြင်ကွင်းဆင်း ဝန်ထမ်းများ စသည်တို့ ပါဝင်ပါသည်။ ၎င်းတို့ စုဆောင်းကောက်ယူထားသည့် သက်သေများ သို့မဟုတ် သတင်း အချက်အလက်များကို အဆုံး၌ အရေးဆို တိုက်တွန်းရေး Advocacy ရည်ရွယ်ချက်များ သို့မဟုတ် အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှု သို့မဟုတ် အခြားသော တာဝန်ခံမှု ဆိုင်ရာ ယန္တရားများ၏ လုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ပါသည်။ <u>ဂရုတစိုက်နှင့် အလေးပေး လိုက်နာဆောင်ရွက်ပြီး သက်ဆိုင်ရာ အခြေအနေနှင့် လူပုဂ္ဂိုလ်များ အတွက် သင့်လျော်သော နည်းလမ်းနှင့် အညီ လိုက်နာကျင့်သုံးပါက</u> လုပ်ထုံးလုပ်နည်း အလေ့အထ Protocol တွင် ချပြထားသော အခြေခံမှုများသည် တရားရေး ဆိုင်ရာ တရားဝင် အာဏာပိုင် အဖွဲ့အစည်းများက ကောက်ယူထားခြင်း မဟုတ်လျှင်ပင် ကောက်ယူထားသော လိင်အကြမ်းဖက်မှု ဆိုင်ရာ သတင်း အချက်အလက်မှန်သမျှသည် တရားမျှတမှုနှင့် တာဝန်ခံမှု ရရှိစေရေး အတွက် အထောက်အပံ့ ဖြစ်စေရန် အသုံးချနိုင်ကြောင်းနှင့် ကျူးလွန်ခံရသူများ အတွက် တရားမျှတမှု ရရှိစေရန် တရားဝင် ကြိုးပမ်းမှုများအား ထိခိုက်သက်ရောက်မှု မရှိစေကြောင်း သင်တန်း ပို့ချသူက အလေးပေး ဖော်ပြသင့်ပါသည်။

ဝေါဟာရ ဆိုင်ရာ နောက်ဆုံး ပါဝါပွိုင့် ဆလိုက်နှစ်ခုတွင် သင်တန်း ပို့ချသူသည် သင်တန်း လက်စွဲ တစ်လျှောက်လုံးတွင် အသုံးပြုမည့် အသုံးအနှုန်းနှင့် ဆက်စပ်သော အချို့ အခက်အခဲများကို အလေးပေး ဖော်ပြသင့်ပါသည်။ ဥပမာအားဖြင့် လိင်အကြမ်းဖက်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းပြုစုခြင်း အကြား ခြားနားချက်သည် သင်တန်း တက်ရောက်သူများ အတွက် လက်တွေ့ကျသော အရေးကြီးနိုင်သည်။ (သို့မဟုတ် အရေးမကြီးတတ်ပေ)။ အချို့သော အခြေအနေများ၌ အဓိက ခြားနားချက်မှာ စုံစမ်းစစ်ဆေးရေး ကိစ္စရပ်တွင် တာဝန်ယူမှုကို သတ်မှတ်ရန် အထူး အလေးပေးထားပြီး ၎င်းတွင် ဥပဒေရေးအရ သို့မဟုတ် ကျွမ်းကျင်မှုဆိုင်ရာ အခွင့်အာဏာတို့ လိုအပ်နိုင်ကာ မှတ်တမ်းပြုစုရေး ကိစ္စရပ်တွင်မူ အချက်အလက်များ သို့မဟုတ် ဖြစ်စဉ် အဆင့်ဆင့်ကို တင်ပြရန် ပိုမို အလေးထားပြီး ၎င်းလုပ်ငန်းစဉ်ကို မတူကွဲပြားသော အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များက ဆောင်ရွက်နိုင်ပါသည်။ သင်တန်း တက်ရောက်သူများသည် ၎င်းတို့ကိုယ်ကို စုံစမ်းစစ်ဆေးသူများ အဖြစ် မယူဆထားသလို သို့မဟုတ် လုပ်ထုံးလုပ်နည်း အလေ့အထ Protocol ရှိ အခြေခံမှုများသည် ၎င်းတို့နှင့် မသက်ဆိုင်ဟု ထင်ဆနိုင်သော်လည်း လိင်အကြမ်းဖက်မှု ဆိုင်ရာ အသေးစိတ် အချက်အလက်များအား ၎င်းတို့၏ လုပ်ငန်း တစ်စိတ်တစ်ပိုင်း အဖြစ် စုဆောင်းနေသည် ဆိုပါက ၎င်းတို့သည် မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်တွင် ပါဝင်နေပြီ ပါသည်။ လုပ်ထုံးလုပ်နည်း အလေ့အထ Protocol ပါ အခြေခံမှု အချို့ကို စုံစမ်းစစ်ဆေးရေးနှင့် မှတ်တမ်း ပြုစုခြင်းတွင် မတူကွဲပြားစွာ ကျင့်သုံးပြီး အချို့ အခန်းတွင် ဖော်ပြထားသည့် ဘာသာစကား အသုံးအနှုန်းများက ၎င်းအား ထင်ဟပ်စေပါသည်၊ (ဆိုလိုသည်မှာ သတင်း အချက်အလက်ထက် သက်သေ အထောက်အထားများကို သို့မဟုတ် ထုတ်ပြန်ချက်ထက် ထွက်ဆိုချက်များကို ရည်ညွှန်းခြင်းမျိုး ဖြစ်သည်၊)။ ခွဲခြားသတ်မှတ်မှုနှင့် ဆက်စပ်သော လက်တွေ့ကျသည့် အရေးပါပုံ အပေါ်နားလည်မှု ရှုပ်ထွေးသွားနိုင်သည့် အန္တရာယ် ရှိသည်ကို သတိပြုလျက် သင်တန်းပို့ချသူသည် သင်တန်း တက်ရောက်သူများအား ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ၎င်းတို့၏ အဖွဲ့အစည်းက စုံစမ်းစစ်ဆေးမှု၊ မှတ်တမ်းတင်/မှတ်တမ်းပြုစုခြင်းခြင်း သို့မဟုတ် ၎င်းတို့ နှစ်ရပ်စလုံးတွင် ပါဝင်ခြင်း ရှိမရှိကို ထည့်သွင်းစဉ်းစားရန် တိုက်တွန်းသင့်သလို အခြား အခန်းများတွင် အသုံးပြုမည့် ဝေါဟာရ ဘာသာစကားကိုလည်း စီမံထိန်းညှိသင့်ပါသည်။ လုပ်ထုံးလုပ်နည်း အလေ့အထ Protocol သည် သက်ဆိုင်ရာ

လက်တွေ့ ဆောင်ရွက်သူ၏ အခန်းကဏ္ဍ သို့မဟုတ် လုပ်ပိုင်ခွင့် မည်သို့ပင် ရှိစေကာမူ CARSV အပေါ် သတင်းအချက်အလက် ကောက်ယူသည့် လုပ်ငန်းစဉ်အား ရည်ညွှန်းရန် အလို့ငှာ "မှတ်တမ်းတင်/မှတ်တမ်း ပြုစုခြင်း" (Documentation) ဟူသည့် ဝေါဟာရအား တွယ်တွယ်ကျယ်ကျယ် အသုံးပြုပါသည်။ သင့်လျော်သည့် အခင်းအကျင်းတွင် "တရားဝင် စုံစမ်းစစ်ဆေးခြင်း" (Official investigation) ဟူသည့် အသုံးအနှုန်းကို နိုင်ငံတော်မှ ဦးဆောင်သော သို့မဟုတ် လုပ်ပိုင်ခွင့် အာဏာရှိသည့် တရားစီရင်ရေးနှင့် တရားဥပဒေ စိုးမိုးရေး အဖွဲ့အစည်းများ၏ အခြား စုံစမ်းစစ်ဆေးရေး ကြိုးပမ်းချက်များကို ရည်ညွှန်းရန် သုံးစွဲပါသည်။

အမျိုးသားများ အပေါ် ကျူးလွန်သည့် CARSV လိင်အကြမ်းဖက်မှုမှာ ကြိမ်ဖန်များစွာ ဖြစ်ပွားမှု၊ အတိုင်းအတာနှင့် သဘော သဘာဝ အပေါ် သုတေသနပြုသည့် ပမာဏမှာလည်း တိုးပွားနေပါသည်။ အမျိုးသမီး၊ မိန်းကလေး၊ အမျိုးသား၊ ယောကျ်ားလေး အပြင် လူနည်းစု လိင်နှင့် gender ဆိုင်ရာ သင်္ကေတ ခံယူချက် ရှိသူများ အပေါ် ဦးတည်ကျူးလွန်သည့် ဖော်ပြပါ လိင်အကြမ်းဖက်မှုများအား စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် မှတ်တမ်းပြုစုခြင်း အကြား တူညီမှုများနှင့် ကွဲပြားမှုများအား ဆန်းစစ်သည့် အလေ့အထမှာလည်း ပိုမို များပြားလာပါသည်။ လုပ်ထုံးလုပ်နည်း အလေ့အထ Protocol သည် အမျိုးသားနှင့် ယောကျ်ားလေးများ အပေါ် ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အကြောင်းအား ယေဘူယျ အားဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်း ဖော်ပြထားပါသည်။ အခန်း ၁၆ (ကလေးများ အပေါ် ကျူးလွန်သော လိင်အကြမ်းဖက်)တွင် ကလေးသူငယ်များကို ကျူးလွန်ခံရသူနှင့် မျက်မြင်သက်သေများ အဖြစ် ဆက်ဆံရာတွင် အထူးပြု ထည့်သွင်း စဉ်းစားရန် အချက်များကို ဖော်ပြပြီး အခန်း ၁၇ (အမျိုးသားနှင့် ယောကျ်ားလေးများ အပေါ် ကျူးလွန်သော လိင်အကြမ်းဖက်)တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် ခံရသော အမျိုးသား သို့မဟုတ် ယောကျ်ားလေးများ အကြောင်း အထူးပြု၍ ဆွေးနွေးဖော်ပြထားပါသည်။ သို့ရာတွင် ဤအခန်းများ သာမက အခြား အခန်းများအား ပို့ချသူသည် ထိုကဲ့သို့သော ကိစ္စရပ်များနှင့် အနည်းဆုံး ရင်းနှီးကျွမ်းဝင်မှု ရှိသင့်ပြီး သက်ဆိုင်ရာ အခန်းများ အားလုံးကို ပို့ချရာတွင် ၎င်းတို့ကို မီးမောင်းထိုး၊ ပေါင်းစပ်ဖော်ပြသင့်ပါသည်။ အချို့ သင်တန်းများနှင့် သီးခြား အခင်းအကျင်းများတွင် အလားတူ

အရေးကိစ္စများနှင့် ဆက်စပ်၍ ထပ်တိုး အကြောင်းအရာများနှင့် အလေးပေး ဆွေးနွေးမှုများကို လိုအပ်ကောင်း လိုအပ်ပါလိမ့်မည်။